၂ ပညာရေး ထိပ်သို့

## 1-2 ဂျပန်၏ကျောင်း

### (1) အစိုးရ၊ အများပြည်သူ နှင့် ပုဂ္ဂလိကကျောင်း

ကျောင်းတွင် ဂျပန်နိုင်ငံအစိုးရက တည်ထောင်ထားသောကျောင်း၊ ခရိုင်နှင့် မြို့နယ်အစိုးရက တည်ထောင်ထားသောကျောင်း၊ ဟု၃မျိုးရှိသည်။

ဒေသအစိုးရကဖွင့်ထားသော မူလတန်းနှင့် အလယ်တန်းကျောင်းသည် မိမိနေထိုင်သည့် နေရာပေါ်မူတည်ပြီး တက်ရမည့်ကျောင်းကိုသက်မှတ်ထားပြီး ဝင်ခွင့်စာမေးပွဲမရှိပါ။ ပုဂ္ဂလိကကျောင်းသည် ဂင်ခွင့်စာမေးပွဲဖြေရပြီး မအောင်ပါက တက်ခွင့်မရပါ။

### (2) ပညာသင်နှစ်၊ ပညာသင်ကာလ၊ ကျောင်းပိတ်ရက်

ဂျပန်နိုင်ငံ၏ကျောင်းသည် ၄လပိုင်းတွင်စဖွင့်ပြီး နောက်နှစ်၏၃လပိုင်းတွင် ပိတ်သည်။

ကျောင်းအများစု၏တစ်နှစ်တာပညာသင်ကာလအား ၃ခုပိုင်းခြားထားသည်။

ပထမစာသင်ကာလသည် ၄လ-၇လပိုင်းအထိ၊ ဒုတိယစာသင်ကာလသည် ၉လ-၁၂လပိုင်းအထိဖြစ်ပြီး တတိယစာသင်ကာလသည် ၁ဂလ-၃လပိုင်းအထိ ဖြစ်သည်။ ထိုကာလ၏ ကြားတွင် ပိတ်ရက်ပေါင်း၄ဂလောက်ရှိသော နွေကျောင်းပိတ်ရက်၊ ၂ပတ်ပိတ်ရက်ဖြစ်သော ဆောင်းတွင်းကျောင်းပိတ်ရက်နှင့် နွေဦးကျောင်းပိတ်ရက်ရှိသည်။

တချို့သောကျောင်းများ၏ တစ်နှစ်တာ ပညာသင်ကာလသည် ၂ပိုင်းသာ ရှိသည်။ ၄လပိုင်းမှ ၉လပိုင်းသည် ပထမနစ်ဝက်ဖြစ်ပြီး ၁ဂလပိုင်းမှ ၃လပိုင်းသည်ဒ ဒုတိယနစ်ဝက်ဖြစ်သည်။ နွေကျောင်းပိတ်ရက်၊ ဆောင်းကျောင်းပိတ်ရက်၊ နွေဦးကျောင်းပိတ်ရက်အပြင် ပထမနစ်ဝက်နှင့် ဒုတိယနစ်ဝက်၏ အကြား ဆောင်းဦးရာသီပိတ်ရက်(၄-၆ရက်လောက်)ရှိသည်။

စာသင်ကာလ (ဥပမာ)

နွေဦးကျောင်းပိတ်ရက်

